ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်

# ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

၂၀၁၇ - ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်

# ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

**(၂၀၁၇ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၆ ။)**

၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၃) ရက်

(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ (၆) ရက်)

ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

## အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၇ - ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟုခေါ်တွင် စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၇ - ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

အခန်း(၂)

## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် စပ်လျဉ်း၍ ဇယား(၁)၊ (၂)၊ (၃)၊ (၄) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကိုသုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၇ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်း ဖြစ်သည်ဟုမှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၇ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)ဒေါက်တာလင်းထွဋ်
ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

# ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံး

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၀၄၉.၂၈၁ | | | ၄၂၁၃.၄၀၄ | | | | ၅၂၆၂.၆၈၅ |
| ၂ | ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၂၅.၈၀၃ | | | ၈၉၂.၄၆၀ | | | | ၉၁၈.၂၆၃ |
| ၃ | ၃ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၁.၇၅၀ | | | ၆.၀၀၀ | | | | ၇.၇၅၀ |
| ၄ | ၄ | ပြည်နယ်ဥပဒေချုပ်ရုံး | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၃၅.၇၀၀ | | | ၃.၁၀၀ | | | | ၃၈.၈၀၀ |
| ၅ | ၅ | ပြည်နယ်စာရင်းစစ်ချုပ်ရုံး | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၄.၉၆၀ | | | ၈.၀၀၀ | | | | ၁၂.၉၆၀ |
| | | ပေါင်း | | ၁၁၁၇.၄၉၅ | | | ၅၁၂၂.၉၆၄ | | | | ၆၂၄၀.၄၅၉ |

# ပြည်နယ်အဆင့်ဦးစီးဌာနများ

ယေား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ ထုတ်ချေးငွေ | ကြွေးမြီ ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၂.၄၇၀ | | | ၃၂.၃၄၀ | | | | ၅၄.၈၁၀ |
| | | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | | ၁၈.၄၃၄ | | | | ၁၈.၄၃၄ |
| | | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၂၂.၄၇၀ | | | ၃.၃၀၄ | | | | ၂၅.၇၇၄ |
| | | ၃ | မီးသတ်ဦးစီးဌာန | | | | | ၁၀.၆၀၂ | | | | ၁၀.၆၀၂ |
| ၂ | ၂ | | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၎င်း | ၅၉၁.၆၂၆ | | | ၁၂.၇၀၀ | | | | ၆၀၄.၃၂၆ |
| | | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၅၈၉.၇၈၄ | | | | | | | ၅၈၉.၇၈၄ |
| | | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | | | ၀.၇၀၀ | | | | ၀.၇၀၀ |
| | | ၃ | သမဝါယမဦးစီးဌာန | | ၁.၈၄၂ | | | | | | | ၁.၈၄၂ |
| | | ၄ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | | ၁၂.၀၀၀ | | | | ၁၂.၀၀၀ |
| ၃ | ၃ | | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၎င်း | ၉.၄၈၁ | | | ၃.၉၅၆ | | | | ၁၃.၄၃၇ |
| | | ၁ | သစ်တောဦးစီးဌာန | | | | | ၃.၉၅၆ | | | | ၃.၉၅၆ |
| | | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၅.၂၀၀ | | | | | | | ၅.၂၀၀ |
| | | ၃ | သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ | | ၄.၂၈၁ | | | | | | | ၄.၂၈၁ |

# ပြည်နယ်အဆင့်ဦးစီးဌာနများ

ဇယား(၂)အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၄ | ၄ | | ကျန်းမာရေးနှင့် အားကစား | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၇၈.၈၄၄ | | | ၁၂၉.၉၃၄ | | | | ၄၀၈.၇၇၈ |
| | | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၂၇၈.၈၄၄ | | | ၁၂၉.၉၃၄ | | | | ၄၀၈.၇၇၈ |
| ၅ | ၅ | | စီမံကိန်းနှင့် ဘဏ္ဍာရေး | ၎င်း | | | | ၈၉.၁၀၀ | | | | ၈၉.၁၀၀ |
| | | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | | ၈၈.၅၀၀ | | | | ၈၈.၅၀၀ |
| | | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | | | | ၀.၆၀၀ | | | | ၀.၆၀၀ |
| ၆ | ၆ | | ဆောက်လုပ်ရေး | ၎င်း | ၁၀၀၀.၀၀၀ | | | ၄၁၇၆.၀၀၀ | | | | ၅၁၇၆.၀၀၀ |
| | | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | | ၆၇၆.၀၀၀ | | | | ၆၇၆.၀၀၀ |
| | | ၂ | လမ်းဦးစီးဌာန | | ၁၀၀၀.၀၀၀ | | | ၃၅၀၀.၀၀၀ | | | | ၄၅၀၀.၀၀၀ |
| | | | ပေါင်း | | ၁၉၀၂.၄၂၁ | | | ၄၄၈၈.၀၃၀ | | | | ၆၃၉၀.၄၅၁ |

# ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | | လျှပ်စစ်နှင့် စွမ်းအင် | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | | | | | |
| | | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | ၃.၀၀၀ | | | ၁၀၆၉.၀၀၀ | | | | ၁၀၇၂.၀၀၀ |
| | | | ပေါင်း | | ၃.၀၀၀ | | | ၁၀၆၉.၀၀၀ | | | | ၁၀၇၂.၀၀၀ |

# စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | စည်ပင်သာယာရေးအဖွဲ့များ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၅၄.၈၃၄ | | | ၄၂၈၄.၃၂၀ | | | | ၄၅၃၉.၁၅၄ |
| | | ပေါင်း | | ၂၅၄.၈၃၄ | | | ၄၂၈၄.၃၂၀ | | | | ၄၅၃၉.၁၅၄ |